KUKI WOMEN HUMAN RIGHTS ORGANIZATION

EMAIL: kwhro.sesearch@gmail.com
SIGNAL:

# အိန္ဒိယ-မြန်မာနယ်စပ် ကူကီးဒေသအခြေအနေနှင့် ဖြစ်စဉ်များ


(တမူး၊ ခမ်းပါတ်၊ မြို့သစ်)

ရက်စွဲ။ စက်တင်ဘာလ( ၈ )ရက် ၂၀၂၄



## ၂၀၂၄ ခုနှစ် မေလ(၁)ရက်မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ ရက်ပေါင်း (၁၂၃)ရက်တာကာလ

| | |
|---|---|
| လေကြောင်းဗုံးကြဲတိုက်ခိုက်မှု | ၂-ကြိမ် |
| အရပ်သားသေဆုံးမှု | ၂၈ – ဦး |
| အရပ်သားထိခိုက်ဒဏ်ရာရမှု | ၅ – ဦး |
| အရပ်သားဖမ်းဆီးခံရမှု | ၉ – ဦး |
| အဆောက်အအုံထိခိုက်ပျက်စီးမှု | ၄၀ – ဝန်းကျင် |
| စစ်ဘေးရှောင်လူဦးရေစုစုပေါင်း | ၁၈၀၀၀ – ခန့် |



## အကျဉ်းချုပ်

ဤအစီရင်ခံစာ စာတမ်းသည် အိန္ဒိယ-မြန်မာနယ်စပ် တမူးခရိုင်အတွင်းမြှင့်တက်နေသည့် တိုက်ပွဲများအကြား ဒေသခံပြည်သူများကြုံတွေ့နေရသော လူ့အခွင့်အရေးချိုးဖောက်မှု၊ ဒေသ အခြေအနေများနှင့် အထူးသဖြင့် အမျိုးသမီးများကြုံတွေ့နေရသည့် အခက်အခဲများကို ဖော်ထုတ်ရှင်းလင်းလိုသည့် စာတမ်းဖြစ်သည်။

တမူးမြို့သည် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်သည့် နယ်စပ်မြို့ဖြစ်သလို ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် တော်လှန်ရေးလက်နက်ကိုင်များနှင့် စစ်ကောင်စီအကြား အပြန်အလှန်တိုက်ခိုက်မှုများ စတင်ချိန်မှစပြီး ပြည်သူများမှာ တစ်ဖက်နိုင်ငံ မိုးရေးမြို့နှင့် နီးစပ်ရာကျေးရွာများသို့ အသီးသီးထွက်ပြေးခိုလှုံနေကြရသည်။

ဒေသအတွင်း တော်လှန်ရေးအင်အားစုများ အင်အားကြီးလာသလို တစ်ဖက်တွင်လည်း စစ်ကောင်စီလက်အောက်ခံ ပျူစောထီးအင်အားလည်း တစ်စတစ်စကြီးထွားလာကာ နှစ်ဖက်ထိတွေ့မှု တိုက်ပွဲများအကြား အရပ်သားပြည်သူများ၊ အမျိုးသမီးနှင့် ကလေးငယ်များအတွက် လုံခြုံမှုပိုမို ကင်းမဲ့လျက် ရှိသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် မဏိပူရ်အစိုးရသည် မြန်မာနိုင်ငံသားများအား တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ၊ နိုင်ငံခြားသားအမှုဖြင့် အကြိမ်ကြိမ်ဖမ်းဆီးထောင်ချခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ နယ်စပ်ကျေးရွာများတွင် ခိုလှုံနေကြသည့် မြန်မာဒုက္ခသည် ၈၄ ဦး၊ ၂၀၂၂ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ၈၀ ဦးနှင့် အခြားဖမ်းဆီးထားသူ စုစုပေါင်း ၂၀၀ ကျော်ထဲမှ ၇၇ ဦးအား ၂၀၂၄ ခုနှစ် မေလ(၂)ရက်နေ့တွင် ပြန်လည်လွှတ်ပေးကာ စစ်ကောင်စီနှင့် အလဲအလှယ်လုပ်သည်ကို တွေ့ရသည်။

မေလ(၉)ရက်နေ့တွင်လည်း Tangkhul Naga လူမျိုး မဏိပူရ်ပြည်နယ် လွှတ်တော်အမတ် Leishiyo keis-hing မှ တမူးအထက်ပိုင်း Kamjong ခရိုင်တွင် ခိုလှုံနေသည့် မြန်မာစစ်ဘေးရှောင်များ ပြန်လည်ပို့ဆောင်ရန် ပြည်နယ်ဝန်ကြီးချုပ်ထံ တောင်းဆိုသည့် စာတစ်စောင်ပေးပို့ခဲ့သည်ကိုလည်း စိတ်မကောင်းစွာ တွေ့ရသည်။

အိန္ဒိယနိုင်ငံသည် အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံ၏အရေးတွင် ၎င်း၏ အကျိုးစီးပွားဖြစ်သည့် လုပ်ကွက်များ မဆုံးရှုံးရေးအတွက် ခပ်ခွာခွာနေခဲ့သော်လည်း ၂၀၂၄ ခုနှစ်များမကြာသေးချိန်တွင် စစ်ကောင်စီနှင့် တပ်ပိုင်းဆိုင်ရာဆွေးနွေးမှုများ ရှိလာသည်ကိုလည်း တွေ့ရှိရသည်။ တဖန်နယ်နိမိတ်ချင်း ထိစပ်နေသည့် မဏိပူရ်ပြည်နယ်ကသည်းလူမျိုးများနှင့် အိန္ဒိယ-နာဂလက်နက်ကိုင်တပ်ဖွဲ့အချို့သည် တော်လှန်ရေးအင်အားစုများဘက်မှ ရပ်တည်ပူးပေါင်းမှုမပြုဘဲ စစ်ကောင်စီအား ပူးပေါင်းရပ်တည်ပေးမှုများသည် မည်သည့်အကျိုးစီးပွား၊ မည်သည့်အချက်များ ရှိနေသည်ကို တိတိကျကျ မသိရှိရသော်လည်း စိတ်ဝင်စားစရာကောင်းသည့်အချက် ဖြစ်ပေသည်။

ထိုသို့သော အခြေအနေများကြောင့် နယ်စပ်ဒေသ စစ်ရှောင်ပြည်သူများအနေဖြင့် လုံခြုံရေးအပြင် နေရေးထိုင်ရေး၊ ကျန်းမာရေးဆိုင်ရာများတွင် အခက်အခဲများ ကြုံတွေ့နေရသည်။



*မဏိပူရ်အစိုးရမှ ဖမ်းဆီးထားသော မြန်မာစစ်ဘေးရှောင်များကို ပြန်လည်ပို့ဆောင်သည့်ပုံရိပ်*



## ၂၀၂၄ ခုနှစ် မေလ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့ထိ ၄ လအတွင်း ခမ်းပါတ်၊ တမူး၊ မြို့သစ် ဒေသများ၏ ဒေသအခြေအနေနှင့် ဖြစ်စဉ်များ

**၂ မေလ ၂၀၂၄** – အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်ဝန်ကြီးချုပ် N Biren Singh ပြောကြားချက်အရ "မိုးရေးမြို့မှတဆင့် တရားမဝင် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ၇၇ ဦးကို ပထမသုတ်၊ ဒုတိယသုတ်ခွဲပြီး ပြန်လည်ပို့ဆောင်လိုက်ပါပြီ။ ဒီလိုအလဲအလှယ် လုပ်တဲ့နေရာမှာ မြန်မာနိုင်ငံကနေ အိန္ဒိယနိုင်ငံသားတစ်ဦးကိုလည်း ပြန်ခေါ်ယူနိုင်ခဲ့တယ်။ လက်ရှိတွင် တရားမဝင် ဝင်ရောက်လာသူ ၅၀၇၃ ဦးရှိပြီး ၎င်းတို့ကို မှတ်ပုံတင်ကာ biometric data မှတ်တမ်းများ ကောက်ယူလျက်ရှိသည်"ဟုလည်း ဝန်ကြီးချုပ်မှ ပြောကြားခဲ့သည်။

**၅ မေလ ၂၀၂၄** – တမူးမြို့တွင် ပြတ်လပ်သွားခဲ့သည့် ၅ နှစ်အောက်ကလေးများ ကာကွယ်ဆေး ပြန်လည်ထိုးနှံနိုင်ရေး မေလ ၆ ရက်နေ့တွင် စစ်ကောင်စီမှ ဆေးဝါးများကို ဟတ်စကီးဖြင့် ပို့ဆောင်ပေးခဲ့သည်။ "စစ်ကောင်စီကို အားပေးတာမဟုတ်ပေမဲ့ ကလေးတွေအတွက် စဉ်းစားပြီး ကျေနပ်ပါတယ်"ဟု မိခင်တစ်ဦးမှပြောကြားခဲ့ပါ သည်။

**၉ မေလ ၂၀၂၄** – တမူးမြို့၊ စော်ဘွားရပ်ကွက်တွင် အသက် (၆၀)နှစ်အရွယ် အမျိုးသားတစ်ဦးမှ ပိုလီယို စွဲကပ်နေသည့် ၁၂ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးကို အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။ အမျိုးသမီးငယ်၏ မိခင်က သူမ၏သမီးအား မတရားမှု ကျူးလွန်သူ ၏အိမ်၌ ခဏထားခဲ့ကာ အပြင်သွားသည့်အချိန်တွင် အဓမ္မပြုကျင့်ခံခဲ့ရခြင်းဖြစ်ပြီး မိခင်ရောက်လာချိန်တွင် ၎င်းအမျိုးသမီးငယ်မှ ခြေဟန်လက်ဟန်ပြပြီး ပြောပြလာမှ ဖြစ်စဉ်ကို သိရခြင်းဖြစ်ပါသည်။ အဆိုပါ အမျိုးသားကို ရဲစခန်းကနေ ပျူစောထီး ခေါင်းဆောင်ထံ လွှဲပြောင်းခဲ့သည်ဟု သိရသည်။

**၁၂ မေလ ၂၀၂၄** – စစ်ကိုင်းတိုင်း ကလေး - တမူးကြား လမ်းအခြေအနေနှင့် စစ်ရေးအခြေအနေကြောင့် ခရီးသည်များ ယာဉ်စီးခနှုန်း တစ်ဦးလျှင် ၃ သိန်းကျပ်အထိ မြင့်တက်လာသည်။ ယခင်က ၅ ထောင်သာ ပေးရတာဖြစ်ပြီး အာဏာသိမ်းပြီး ၂၀၂၂/၂၃ ခုနှစ်တွင် ၃သောင်းအထိရှိကာ ယခုချိန်တွင် ချင်းပြည်နယ်စပ်အထိ တောလမ်းက ကွင်းရတာ ဖြစ်တယ်လို့ ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။ အဆိုပါ လမ်းပိတ်ဆို့မှု များကြောင့် တမူးမြို့တွင် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ အဆမတန် ဈေးမြှင့်တက်နေပါသည်။

**၁၃ မေလ၂၀၂၄** – စစ်ကိုင်းတိုင်း၊ တမူးမြို့နယ် အထက်ပိုင်းဒေသဖြစ်သည့် မြို့သစ်မြို့ကို မေလ ၁၁ ရက်နေ့တွင် ပူးပေါင်းအဖွဲ့မှ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် စစ်ကောင်စီ လက်အောက်ခံတပ်ဖွဲ့များသည် နီးစပ်ရာကျေးရွာများတွင် တပ်စွဲထားခြင်းကြောင့် ဒေသခံပြည်သူများမှာ စစ်ကောင်စီတပ်များ၏ ဖမ်းဆီးခံရမည်ကို စိုးရိမ်ခြင်းနှင့် တိုက်ပွဲဆက်လက်ဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် ထွက်ပြေးတိမ်းရှောင်ကြရ ကာ စစ်ရှောင်ပြည်သူ ၃ ထောင်ကျော်အထိ ရှိလာသည်။

**၁၄ မေလ၂၀၂၄** – မေလ ၁၁ ရက်နေ့ မြို့သစ်မြို့သိမ်းတိုက်ပွဲတွင် ထွက်ပြေးလာသည့် စစ်ကောင်စီ တပ်ဖွဲ့များသည် Teijang (ကျွန်းပင်သာ)ကျေးရွာတွင် အင်အားအလုံးအရင်းဖြင့် ရုတ်တရက်ဝင်လာကာ ကျေးရွာအတွင်း အဝင်အထွက် ပိတ်ပင်ထားခြင်းကြောင့် ကျေးရွာသားများ မိမိအိမ်ကို စွန့်ခွာပြီး ထွက်ပြေးကြရသည်။ ထိုချိန်တွင် ပိတ်မိနေ သည့် ရွာသား ၁၂ ဦးရှိသည့်အနက် ၈ ဦးကို ၁၄ ရက်နေ့တွင် ပြန်လည်လွှတ်ပေးပြီး ကျန် ၄ ဦးကို ယနေ့ချိန်အထိ အဆက်အသွယ်မရသေးဟု ရွာသားတစ်ဦးမှ ပြောပြသည်။

**၁၅ မေလ ၂၀၂၄** – တမူးမြို့နယ်အထက်ပိုင်း ဆရာစံကျေးရွာတွင် နေထိုင်သည့် Thanglienmon (ခ) မောင်ငယ် အသက်(၃၀)ခန့်သည် မေလ ၁၅ ရက်နေ့ မနက်ပိုင်းတွင် သုံးထပ် စက်ဝိုင်း ကုမ္ပဏီစိုက်ခင်းတွင် ရွာသားသုံးဦးနှင့် နွားပျောက်၍ လိုက်လံရှာဖွေကြရာ စစ်ကောင်စီမှ ထောင်ထားသည့် မိုင်းနင်းမိပြီး နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားသည်။ ထိုနေ့တွင် Mollen ကျေးရွာနေ Pa Lalthendem နဲ့ Pa Ngahpu တို့နှစ်ဦးတို့သည်လည်း စစ်ရှောင်စခန်းမှ ၎င်းတို့ရွာတွင် ပစ္စည်းယူရန် ပြန်လာစဉ် စစ်ကောင်စီတပ်ဖွဲ့ထောင်ထားသော တိုက်မိုင်းအား နင်းမိ၍ ၂ ဦးလုံး သေဆုံးခဲ့ကြ သည်။

**၂၅ မေလ၂၀၂၄** – တမူးအထက်ပိုင်း ကျေးရွာများတွင် စစ်ရေးတင်းမာနေမှုများကြောင့် ဒေသခံပြည်သူများ စစ်ဘေးရှောင်နေကြရသော်လည်း သစ်မှောင်ခိုသမားများ ပုံမှန်သစ်ထုတ်နေ ကြဆဲဖြစ်သည်။

**၂၆ မေလ ၂၀၂၄** – Teijang (ကျွန်းပင်သာကျေးရွာ)နေ စိတ်ကျန်းမာရေးချို့ယွင်းနေသည့် Nu veikho-hat သည် ကျေးရွာအနီး လယ်တောတစ်နေရာတွင် သေဆုံးလျက်တွေ့ရ သည်။ စစ်ကောင်စီတပ်ဖွဲ့များ ကျေးရွာအတွင်း ဝင်ရောက် တပ်စွဲထားခြင်းကြောင့် ကျေးရွာသူ/သားများ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး သူမသည် စိတ်ကျန်းမာရေး ချို့ယွင်းနေသူဖြစ်သည့်အလျောက် တစ်ဦးတည်း ကျေးရွာအနီး ဝန်းကျင်တွင် ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် သူမ၏ သေဆုံးမှုသည် အစာရေစာ ငတ်ပြတ်လို့ သေဆုံးခြင်းလား၊ သတ်ဖြတ်ခံရတာလားဆိုတာတော့ အတိကျမသိရ သေးပါ။

**၂၇ မေလ ၂၀၂၄** – "မေလ ၂၇ ရက်နေ့တွင်လည်း Teijang ကျွန်းပင်သာကျေးရွာ နေအိမ်တစ်လုံး အတွင်း၌ ပုတ်ပွနေသည့် အမျိုးသား အလောင်း ၂ လောင်း ထပ်မံတွေ့ရှိရသည်။ ရွာသားများသည် မေလ ၁၁၊ ၁၂ ရက်နေ့ကတည်းက ထွက်ပြေးကုန်ပြီ ရွာထဲတွင် ပိတ်မိနေတဲ့ ရွာသားတွေနဲ့ စစ်ကောင်စီတပ်ဖွဲ့တွေပဲ ရှိတာဖြစ်တယ်၊ သူတို့ သတ်တာပဲဖြစ်မယ်၊ ဖမ်းဆီးခံထားရတဲ့ ၄ ဦးလည်း ယနေ့ချိန်ထိ အဆအန ပျောက်နေတယ်လို့" ရွာခံတစ်ဦးပြောပြချက်အရ သိရသည်။

**၃၁ မေလ ၂၀၂၄** – တမူးခရိုင် မော်လိုက်–ကလေးအနီးတွင် တပ်စွဲထားသော စစ်ကောင်စီတပ်ဖွဲ့မှ တမူးဘက်ကို တက်လာသည့် ကုန်တင်ကား (၂၀)စီးကို မေလ ၂၅ ရက်နေ့က ဖမ်းဆီးထားပြီး ယနေ့ထိ ပြန်လွှတ်ပေးခြင်း မရှိသေးပါ။

**၄ ဇွန်လ ၂၀၂၄** – တမူးမြို့နယ်၊ ပွတ်သာကျေးရွာကို ယနေ့ ဇွန်လ ၄ ရက်နေ့ မွန်လွဲ ၂ နာရီခွဲခန့်တွင် Mi 35 ဖြင့် လေကြောင်းတိုက်ခိုက်မှု၂ကြိမ်ပြုလုပ်ပြီး ဗုံးသီး၄လုံးကြဲချကာ စက်သေနတ်ဖြင့်လည်း ပစ်ခတ်ခဲ့သည် အရပ်သားထိခိုက်မှုမရှိဟု သိရသည်။

**၆ ဇွန်လ ၂၀၂၄** – စစ်ကောင်စီတပ်ဖွဲ့များ Teijang ကျေးရွာအတွင်း ဝင်ရောက်တပ်စွဲထားခြင်းကြောင့် ရွာသူ/သားများ ထွက်ပြေးတိမ်းရှောင်ကြသည်။ ၎င်းနောက် စစ်ကောင်စီတပ်ဖွဲ့များသည် နေအိမ်များအတွင်းရှိ အဖိုးတန်ပစ္စည်းများကိုယူပြီး ကျန်ပစ္စည်းနှင့် နေအိမ်များကို ဖျက်ဆီးခဲ့ကြသည်။ ထို့အပြင် ရွာသားများမှ ၎င်းတို့ပိုင်ဆိုင်သော ထွန်စက်၊ ကားနှင့် အိမ်သုံးပစ္စည်းအချို့ကို နီးစပ်ရာ လယ်တောရှိတဲများတွင် ပို့ဆောင်ထားရှိထားသည့် လယ်တဲ ၁၀ လုံးကိုလည်း စစ်ကောင်စီတပ်များက မီးရှို့ဖျက်ဆီးခဲ့သည်။

**၇ ဇွန်လ ၂၀၂၄** – တမူးမြို့မှာ စစ်မှုထမ်းဥပဒေနဲ့အကျုံးဝင်သည့် လူငယ် ၂၀ ဦးကို စစ်ကောင်စီမှ ဟတ်စကီးဖြင့် လာရောက်ခေါ်ဆောင် သွားသည်။ တမူးမြို့ရပ်ကွက်ထဲတွင် လူငယ် ၄၀ ဦးကို စာရင်းကောက်ယူထားပေမဲ့ ထွက်ပြေးကုန်ကြလို့ ယခုလို ၂၀ ဦးသာ ပို့ဆောင်တာဖြစ်တယ်လို့ နီးစပ်သူက ပြောတယ်။ ၎င်းမှ "ခုသွားတဲ့ သူတွေလဲ သွားချင်လို့ မဟုတ်ဘူး ကြောက်လို့၊ မိဘတွေကို အရေးယူမှာစိုးလို့ လိုက်သွားတာ ဖြစ်တယ်၊ နောက်ပြီး နာမည်စာရင်းပါတဲ့ အခြားလူငယ်အချို့ကိုလည်း တမူးမြို့ မြေနီကုန်းဘုန်းကြီးကျောင်းမှာထိန်းသိမ်းထားတယ်လို့" နီးစပ်သူထံမှသိရသည်။

**၉ ဇွန်လ ၂၀၂၄** – မေလ(၂၀)ရက်ညတွင် ပျူစောထီးအဖွဲ့မှ အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် တမူးမြို့ မြို့မ(၁၄)ရပ်ကွက် Valpabung ကျေးရွာလူငယ် (၄)ဦးအား (၁၄)ရက်ကြာ ချုပ်နှောင်ထားပြီးနောက် ၎င်းတို့၏ သက်ဆိုင်ရာ မိဘများမှ ပျူစောထီးအဖွဲ့များထံ သွားရောက်ကာ အကြိမ်ကြိမ် ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ပြီး ဇွန်လ(၉)ရက်နေ့တွင် တစ်ဦးလျှင် သိန်း(၇၀)ကျပ်နှုန်း ပေးဆောင်ပြီး ပြန်လည်ရွေးယူခဲ့ရသည်။

**၉ ဇွန်လ ၂၀၂၄** – တမူးမြို့တွင် ဘုရားကျောင်းတက်ရန် ဆိုင်ကယ်ဖြင့် ထွက်လာသည့် အသက် (၃၀)ခန့် အမျိုးသမီး ၂ ဦးကို ပျူစောထီးအဖွဲ့မှ အကြောင်းမဲ့ကားဖြင့် ဝင်တိုက်မှု ဖြစ်ပွားခဲ့သည်ဟု သိရသည်။ ထိုကိစ္စနှင့်ပတ်သက်သည့် အချက်အလက်တစ်စုံ တစ်ရာအား ဆက်လက်စုံစမ်းမေးမြန်းခဲ့ရာ ၎င်းအမျိုးသမီး(၂)ဦးမှ ပြန်လည် ဖြေကြားမှုမရှိခဲ့ပါ။ ၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဖြေကြားမှုမပြုရန် ချိန်းခြောက်ထားမှုများ ရှိနေသည်ဟု ထင်ရသည်။

**၁၃ ဖွန်လ ၂၀၂၄** – တမူးမြို့၊ မြို့မ(၁၄)ချောက်နက်ကြီး (Valpabung) ကျေးရွာတွင် ဖွန်လ ၈ ရက်နေ့က တစ်ကြိမ်၊ ၁၂ ရက်နေ့က တစ်ကြိမ် ပျူစောထီးအဖွဲ့မှ ည ၁၀ နာရီခန့်တွင် သေနတ်များ ကိုင်ဆောင်ပြီး အိမ်ရှင်အား အဝတ်ဖြင့် မျက်နှာစည်းကာ အခန်းတွင်း စိတ်ကြိုက်မွှေနောက်ရှာဖွေပြီး ၎င်းတို့လိုချင်သည့် ပစ္စည်းများ ယူသွားကြတယ်။ ၎င်းပစ္စည်းများမှာ ဖုန်း၊ ငွေအပြင် သာနာပြုဘာသာရေး စုဗူးနဲ့ ဓမ္မပညာ ကလေးများရဲ့ ရံပုံငွေလည်း ယူသွားကြတယ်။ အဆိုပါအဖွဲ့သည် တမူးမြို့၊ မြို့မ (၁၂/၁၃/၁၄) ရပ်ကွက်များတွင် မကြာခဏဆိုသလို ဆပ်ကြေးကောက်၊ ခါးပြ တိုက်လေ့ရှိသည်ဟု သိရသည်။

**၁၄ ဖွန်လ ၂၀၂၄** – တဖက်နိုင်ငံ နယ်စပ် Namlee တွင် ခိုလှုံနေသည့် မြန်မာစစ်ဘေးရှောင် ၂ ထောင် ကျော်သည် ထိုဒေသခံများမှ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် စွန့်ခွာလာကြ သည်ဟု သိရသည်။ မြန်မာစစ်ရှောင်များသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကျေးရွာ မီးရှို့ခံထားရသော Tongcho ကျေးရွာနှင့် အနီးတဝိုက်ပြည်သူများဖြစ်ပြီး တဖက်နိုင်ငံ လက်နက်ကိုင်တစ်စုမှ “အမျိုးသမီးငယ်တွေကို လိင်ပိုင်းဆိုင်ရာ ထိပါး၊ ရိုက်နက်ပြောဆိုစော်ကားလာကြတယ်။ ကျွန်တော်တို့ စစ်ရှောင်တဲတွေကို ညအချိန်မတော် တခါးတွေကို ကန်ဖွင့်ပြီး ဝင်လာကြတယ်။ ခွင့်မတောင်းပဲ မိသားစုအိပ်ယာ၊ လင်မယားအိပ်ယာတွေကို ပိုင်စိုးပိုင်နင်း ဝင်မွှေကြတာပေါ့။ ညတိုင်းလိုလိုပါပဲဗျာ၊ ကျနော်တို့ကို မောင်းထုတ်တာထက် ပိုဆိုးတယ်”လို့ အမည်မဖော်လိုသူ စစ်ရှောင်တစ်ဦးပြောပြချက်အရ သိရသည်။

**၁၆ ဖွန်လ ၂၀၂၄** – တမူးအထက်ပိုင်းတွင် ဆိုင်ကယ် ကယ်ရီပြေးဆွဲနေတဲ့ Valpabung ကျေးရွာနေ အမျိုးသား ၃ ဦးကို NSCM-IMနှင့် ပူးပေါင်းသည့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ Namlee ကျေးရွာအနီး Market တွင် ဖမ်းဆီးရိုက်နှက်ပြီး ၎င်းတို့၏ ဖုန်းနှင့် ဆိုင်ကယ်အပြင် သွားရောက်ပို့ဆောင်ပေးရမည့် မြန်မာငွေကျပ် သိန်း (၁၈၀) ကိုလည်း ယူသွားသည်ဟု ၎င်းတို့၏ ပြောကြားချက်အရ သိရှိရသည်။

**၁၈ ဖွန်လ ၂၀၂၄** – တမူးအထက်ပိုင်း ဖိုင်ရန်ရွာသားများသည် တဖက်နိုင်ငံ နယ်စပ် Kimsen ဒေသတွင် စစ်ရှောင်နေထိုင်ကြရပြီး ၎င်းတို့ ကျွဲနွားများကို မြန်မာပြည်ဘက်ခြမ်းတွင် သွားရောက်ထိန်းကျောင်းရင်း ဖွန်လ ၁၆ ရက်နေ့တွင် လူငယ် ၄ ဦး နွားကျောင်းပြီး အပြန်တွင် မြေမြှုပ်မိုင်းနင်းမိကာ Thangminlen ဆိုသူမှာ သေဆုံးသွားပြီး ကျန် ၃ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

**၂၀ ဖွန်လ ၂၀၂၄** – တမူးမြို့ကနေ မနက်စောစော မိုးရေးမြို့ကို ဈေးရောင်းရန်သွားတဲ့ အမျိုးသမီး ၁၀ ဦး ကျော်ကို အိန္ဒိယ အာသံရိုင်ဖယ် တပ်ဖွဲ့က နယ်စပ်တံတား မှတ်တိုင် ၇၆နဲ့ ၇၇ အနီး မြန်မာပြည်ဘက်ခြမ်းအထိ ဆင်းလာပြီး လိင်ပိုင်းဆိုင်ရာ ထိကပါး ရိကပါး လုပ်ဆောင်တယ်။ “သူတို့က ဆီးတားပြီး တုတ်တွေနဲ့ ရိုက်ကြတာ။ အမျိုးသမီး အချို့ဆို ရင်သားနဲ့ အမျိုးသမီးအင်္ဂါတွေကို တုတ်နဲ့ထိုးတယ်၊ စစ်ဆေးတယ်ဆိုလဲ စစ်ဆေးပေါ့။ အခုဟာက လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားနေတာ”လို့ ၎င်းတို့၏ ပြောပြချက်အရ သိရှိရသည်။

**၂၁ ဖွန်လ ၂၀၂၄** – ဖွန်လ ၂၁ ရက်နေ့တွင် တမူးမြို့၊ မြို့မ(၁၃) Namphalong ရပ်ကွက်နေ အမည်မသိ လူငယ်တစ်ဦးအား ဗိုလ်ချုပ်ပန်းခြံအနီးတွင် ပျူစောထီးအဖွဲ့မှ ခေါင်းကို အိတ်အနက် စွပ်ကာ ဖမ်းဆီးသွားသည်ဟု သိရသည်။

**၂၄ ဖွန်လ ၂၀၂၄** – - ဖွန်လ ၂၀ ရက်နေ့တွင် တမူးမြို့နယ် ဟဲဇင်းကျေးရွာသား အသက် ၃၅ အရွယ် အမျိုးသားတစ်ဦးကို ရွာအနီး တောစပ်တစ်နေရာမှာ လည်လှီးသတ်ဖြတ် ခံရတယ်လို့ သိရပါတယ်။ “ဘယ်အဖွဲ့ကသတ်ဖြတ်တာမသိရပေမဲ့ဟဲဇင်းရွာဟာစစ်ကောင်စီနဲ့လက်အောက်ခံကသည်းအဖွဲ့တွေ အခြေချတဲ့ နေရာဖြစ်တယ်” လို့ ဒေသခံများမှ ပြောဆိုကြသည်။

- ဖွန်လ ၂၁ ရက်နေ့တွင်လည်း ဟဲဇင်းကျေးရွာနေ အသက် ၄၀ နှစ်အရွယ် အမျိုးသမီးတစ်ဦး အမည်မသိမှ မုဒိန်းကျင့်ကာလည်လှီးသတ်ဖြတ်ပြီး အလောင်းကို ပါဟဲတံတားအနီးတွင် တွေ့ရှိရသည်။

**၅ ဇူလိုင်လ ၂၀၂၄** – –ကွန်းတောင်းကျေးရွာတွင် နေထိုင်သည့် ကိုဘဲဥနှင့် မနင်း တို့ လင်မယားမှာ ၃ ရက်ကြာ ပျောက်ဆုံးပြီးနောက် ဇူလိုင်လ ၅ ရက်နေ့တွင် Valpabung ကျေးရွာအလွန်ရှိ အမှိုက်ပုံနား၌ နဖူးသေနတ်ဒဏ်ရာများနှင့် ပုပ်ပွနေသည့် အလောင်းအား တွေ့ရှိကြသည်။

– တမူးမြို့၊ ဈေးတန်းရပ်ကွက်နေ မာမွတ်နှင့် ကိုနိုင်တို့သည် ပြီးခဲ့တဲ့ ဇွန်လ ၃ ရက်နေ့က ငါးရှာဖို့ အိမ်ကနေ ထွက်လာကြတာဖြစ်ပြီး အိမ်ပြန်မရောက်တာ ကြောင့် မိသားစုဝင်များမှ လိုက်လံရှာဖွေရာ ဇူလိုင် ၅ ရက်နေ့တွင် ပြည်တော်သာရပ်ကွက် စိုက်ခင်းဘေးတစ်နေရာတွင် သေဆုံးလျက်တွေ့ရှိ ရသည်။

**၆ ဇူလိုင်လ ၂၀၂၄** – တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာအုပ်စု၊ ဝက်ရှုကျေးရွာနေ ကိုငမ်ခိုဆေးနှင့် အစ်ကိုဖြစ်သူ ကိုငမ်ခိုပောတို့သည် ဝက်ရှုကျေးရွာနှင့် မင်းသာကျေးရွာအကြားတွင် သစ်ခွဲဖို့ရန် သွားနေစဉ် မင်းသာပျူစောထီးအဖွဲ့၏ ဖမ်းဆီးခြင်းခံကိုခံရပြီး ၎င်းတို့အလစ်မှာ ညီအစ်ကို နှစ်ယောက် ထွက်ပြေးဖို့ကြိုးစားရင်း အစ်ကိုဖြစ်သူမှာ လွတ်မြောက်လာပြီး ညီဖြစ်သူ ကိုငမ်ခိုဆေးမှာ လွတ်မြောက်လာခြင်းမရှိပဲ မင်းသာ ပျူစောထီးတွေရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရတာလို့ သိရသည်။

**၉ ဇူလိုင်လ ၂၀၂၄** – ဆရာစံကျေးရွာဆေးပေးခန်းတွင်တာဝန်ကျသည့် Non – CDM Nu Hatneikim သည်။ ၎င်းအထက်လူကြီးမှ တမူးအထက်ပိုင်းကျန်းမာရေးဝန်ထမ်းများ တမူးဆေးရုံ တွင်တွဲထားဖို့ခေါ်ထားခြင်းကြောင့် မြို့မ(၁၄) ရပ်ကွက်တွင်အိမ်ခန်းငှားပြီး တမူးဆေးရုံတွင်အလုပ်ဆင်းရသည်။ ၇/၇/၂၀၂၄ ရက်နေ့ ညနေ(၄)နာရီခန့်တွင် မြို့မ(၁၃) နန်းဖာလုံရပ်ကွက်သို့ မွေးလူနာအား ဆေးကုသပေးရန်အိမ်မှထွက်သွားပြီး ယနေ့ထိပြန်မရောက်လာသေးကြောင်း ဘယ်အဖွဲ့ကဖမ်းတာလဲ၊ သေသလား ရှင်သလား ဘာသတင်းမှမရရှိတာ (၃)ရက်ရှိပြီဟု နီးစပ်သူထံမှသိရသည်။

**၁၀ ဇူလိုင်လ ၂၀၂၄** – တမူးမြို့ မြို့မ(၁၄)ရပ်ကွက်တွင် နေထိုင်သူ Pu Lalpu နေအိမ်အား ၁၀ ရက်နေ့ နံနက်စောစောတွင် လူတစ်စုမှ ဓါးပြဝင်တိုက်ကာ ၎င်း၏ ဇနီးဖြစ်သူမှာ ကိုယ်ဝန်အရင့်အမာရှိသူ ဖြစ်သည်။ ၎င်း၏အမျိုးသမီး မီးဖွားစရိတ်အတွက် စုဆောင်းထားသော ငွေကျပ် ၅ သိန်းအား ယူသွားကြသည်။ အလားတူ ၉ ရက်နေ့တွင်လည်း Pa Haolen နေအိမ်အား အမည်မသိလူတစ်စုမှ ညဉ့်သန်းခေါင် အချိန်တွင် ဓါးပြဝင်တိုက်ကာ ငွေသားအချို့နှင့် ဆိုင်ကယ်ခိုးယူသွားကြောင်း သိရသည်။

**၁၁ ဇူလိုင်လ ၂၀၂၄** – တမူးမြို့၊ စော်ဘွား(၅)ရပ်ကွက်နေ Pu Semminthang နှင့် Pi Chinkholhing အသက် ၆၀ ဝန်းကျင်လင်မယားသည် အိန္ဒိယမြန်မာနယ်စပ် Haolenphai ကျေးရွာ တွင် စစ်ဘေးရှောင်နေကြတာဖြစ်ပြီး ဇူလိုင်လ ၁၁ ရက်နေ့တွင် ၎င်းတို့ စစ်ဘေး ရှောင်သည့် နေရာမှ မြို့တွင်း မိမိတို့နေအိမ်အား သွားရောက်ကြည့်ရှုရန် လာနေစဉ် စစ်ကောင်စီထောင်ထားသော မိုင်းနင်းမိကာ အမျိုးသားမှာ သေဆုံးသွားပြီး အမျိုးသမီးဖြစ်သူမှာ ပြင်းထန်ဒဏ်ရာရရှိပြီး ယနေ့အထိ ဆေးဝါးကုသမှု ခံယူလျှက် ရှိသည်။

**၁၁ ဇူလိုင်လ ၂၀၂၄** – တမူးမြို့၊ မြို့မ(၁၃) နန်းဖာလုံရပ်ကွက်နေ Pa Paominthang နေအိမ်သည် ဇူလိုင် ၁၀ ရက် ညဉ့်သန်းခေါင်အချိန်တွင် အမည်မသိလူတစ်စုမှ ဓါးပြဝင်တိုက်ပြီး ရှိသမျှ ငွေသားအချို့အပြင် ဖုန်းနှင့် ဂီတာတစ်လက်ပါ ယူဆောင်သွားကြောင်း သိရသည်။

**၁၉ ဇူလိုင်လ ၂၀၂၄** – တမူးမြို့အထက်ပိုင်း Teijang(ကျွန်းပင်သာ)ကျေးရွာနှင့် မင်းသာကျေးရွာများသည် စစ်ရေးတင်းမာနေမှုနှင့် စစ်ကောင်စီတပ်များ ကျေးရွာအတွင်း ဝင်ရောက်တပ်စွဲထား ခြင်းကြောင့် မေလအစောပိုင်းကပင် တစ်ရွာလုံးထွက်ပြေးတိမ်းရှောင်ကြရသည်။ ယခုချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ရွာသားများ ပိုင်ဆိုင်သည့် ကျွဲ၊ နွားများကို သတ်စားကြသည့်အပြင် အကောင် ၂၀၀ ကျော်အား တစ်ဖက်နိုင်ငံသို့ မှောင်ခို ရောင်းချနေကြသည်ကို တွေ့ရသည်။

**၂၈ ဇူလိုင်လ ၂၀၂၄** – တမူးမြို့အထက်ပိုင်း နယ်စပ်ကျေးရွာတစ်နေရာတွင် စစ်ဘေးရှောင်နေသည့် အသက် ၁၆နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့သည် နယ်စပ် မှတ်တိုင် ၉၁/၉၂ ကြားမှ မြန်မာပြည်ဘက်ခြမ်းသို့ ထွက်လာစဉ် အမည်မသိအဖွဲ့မှ ထောင်ထားသော မိုင်းနင်းမိကာ အမျိုးသားဖြစ်သူမှာ သေဆုံးပြီး အမျိုးသမီးမှာ ပြင်းထန်ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

**၁၀ ဩဂုတ်လ ၂၀၂၄** – ဩဂုတ်လ ၃ ရက်နေ့တွင် တဖက်နိုင်ငံ မိုးရေးဒေသခံ အသက် ၂၀ အရွယ် လူငယ် အမျိုးသား ၃ ဦးသည် မြန်မာပြည်ဘက်ခြမ်း တမူးမြို့သို့ ထွက်လာခဲ့ကြရာ (၆)ရက်ကြာအထိ အိမ်ပြန်မရောက်သည့်အတွက် မိသားစုဝင်များ လိုက်လံရှာဖွေရာ တမူးမြို့၊ မြို့မ ၁၄ ရက်ကွက် အမှိုက်ပုံနားတွင် ပုပ်ပွနေသည့်အလောင်းအား ဩဂုတ်လ ၁၀ ရက်နေ့တွင် တွေ့ရှိကြသည်။

**၁၄ ဩဂုတ်လ ၂၀၂၄** – စစ်ရေးအခြေအနေကြောင့် မေလ ၁၁၊ ၁၂ ရက်နေ့ကတည်းက Teijang (ကျွန်းပင်သာ) ကျေးရွာရှိ ကျေးရွာသူ/ သားများသည် မိမိတို့၏ ကျေးရွာ နေအိမ်များကို စွန့်ခွာထွက်ပြေးသွားခဲ့ကြသည်။ ဩဂုတ်လ ၁၄ ရက်နေ့တွင် စစ်ကောင်စီလက်အောက်ခံ ပျူစောထီးအဖွဲ့နှင့် ကသည်းတပ်ဖွဲ့တို့မှ ထိုကျေးရွာရှိ နေအိမ် တချို့ကို တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

**၁၄ ဩဂုတ်လ ၂၀၂၄** – ဩဂုတ်လ ၁၄ ရက်ညအချိန်တွင် တမူးမြို့မရပ်ကွက်တွင် ကော်သေနတ်ဖြင့် ဓါးပြတိုက်သည့် တရားခံ ၂ဦးအား ပျူစောထီးအဖွဲ့မှ ညကင်းလှည့်ရင်းဖမ်းမိခဲ့ပြီး စစ်ကောင်စီထံအပ်နှံစစ်ဆေးရာ ဓါးမြအဖွဲ့၄ဖွဲ့ရှိကြောင်း၊ ၃ဖွဲ့မှာ ပျူစောထီး ခေါင်းဆောင် ပန်းချီချမ်းမြေ့၏ တပည့်များဖြစ်ပြီး ကျန် ၁ဖွဲ့မှာ စော်ဘွားရပ်ကွက် ပျူခေါင်းဆောင် ဝင်းမော်၏ တပည်းဖြစ်ကြောင်းသိရှိရသည်။ “ပျူစောထီးအဖွဲ့ဝင် ချင်းဖြစ်နေတာကြောင့် နောက်ဆက်တွဲဘယ်လိုအရေးယူသလဲဆိုတာ တော့ မသိရသေးဘူလို့” ဒေသခံတစ်ဦးမှာ ပြောကြားသည်။

**၁၅ ဩဂုတ်လ ၂၀၂၄** – တမူးမြို့၊ မြို့မ (၁၃) ရပ်ကွက်တွင် ခိုလှုံနေသည့် အသက်(၂၅)နှစ်အရွယ် ချင်းအမျိုးသား တစ်ဦးသည် ဩဂုတ်လ ၁၅ ရက်နေ့တွင် တမူးမြို့မှအပြန် ကံကြီးဝတံတ္တားတွင် ပျူစောထီးအဖွဲ့နှင့်တိုးပြီး အကြောင်းမဲ့ပစ်သတ်ခဲ့ကြသည်။ အဆိုပါအမျိုးသားသည် တမူးအထက်ပိုင်း ရွာသာကျေးရွာသားဖြစ်ပြီး စစ်ရေးအခြေနေကြောင့် တမူးဘက်ကို မိသားစုနဲ့အတူ စစ်ဘေးခိုလှုံတာဖြစ်သည်။ ၎င်း၏အလောင်းကိုလည်း မိသားစုဝင်များအား ကျပ်ငွေ(၁သိန်း) နဲ့ရွေးခိုင်းတယ်လို့ ဒေသခံတစ်ဦးမှပြောပြသည်။

**၁၇ ဩဂုတ်လ ၂၀၂၄** – တမူးမြို့၊ နန်မြင့်ဟန်ရပ်ကွက်တွင် နေထိုင်သော Pa Thonglenkap တို့ ဇနီးမောင်နှံသည် ဩဂုတ်လ ၁၇ ရက် ည ၁၀ နာရီခွဲခန့် အချိန်တွင် ၎င်းတို့လင်မယားချင်း စကားများ ရန်ဖြစ်ကြရာမှ ၎င်း၏ ဇနီးဖြစ်သူ Daw Chin သည် နေအိမ်မှ ဆင်းသွားပြီး ခဏအကြာတွင် အမျိုးသားဖြစ်သူမှ ညတွင်းချင်း ဇနီးဖြစ်သူအား အနီးအနား ပတ်ဝန်းကျင်များသို့ သွားရောက်ရှာဖွေရာ စစ်ကောင်စီလက်အောက်ခံ ပျူစောထီးအဖွဲ့ များနှင့် ဆုံကာ ၎င်းအဖွဲ့မှ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခဲ့လေသည်။

*အထက်ပါသတင်းအချက်အလက်များသည် အွန်လိုင်း သတင်းမီဒီယာနှင့် ဆိုရှယ် မီဒီယာများတွင် ပျံ့နှံ့နေသည့် အချက်အလက်များကို စုဆောင်းကောက်ခံထားခြင်းနှင့်အတူ မြေပြင်တွင်ဖြစ်ပျက်နေသည့် ဖော်ပြရန်ခက်ခဲသည့် ဖြစ်ပျက်သေဆုံးသည့် ဖြစ်စဉ်များကို အကြောင်းအရာအားဖြင့် မဖော်ပြနိုင်သော်လည်း (စာရင်းဇယား)ထဲတွင်ထည့်သွင်းဖော်ပြထားပါသည်။ သို့သော်လည်း မိမိတို့ လက်လှမ်းမမှီနိုင်သည့် ဖြစ်စဉ်များလည်းရှိကောင်းရှိနေနိုင်သေးကြောင်းဖော်ပြလိုပါသည်။*

## စစ်ဘေးဒုက္ခသည်များအခြေအနေ

ဒေသတွင်း စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများအကြား စစ်ရေးအခြေအနေပိုမိုပြင်းထန်သည့် အနေအထားတွင် စစ်ဘေးရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး အလှမ်းဝေးနေသည့်အပြင် တော်လှန်ရေး ပူးပေါင်းအဖွဲ့မှ စစ်တပ်အခိုင်အမာချထားသည့် မြို့သစ်မြို့စခန်းသိမ်းတိုက်ပွဲကြောင့် တစ်ဖက်နိုင်ငံ Lungdei-bung ဒေသဖက်သို့ နေရပ်စွန့်ခွာ တိမ်းရှောင်လာသည့် Teijang (ခေါ်) ကျွန်းပင်သာကျေးရွာနှင့် မင်းသာကျေးရွာမှ အရပ်သားပြည်သူ ၃,၀၀၀ ခန့်ရှိလာသည်။

အဆိုပါ မြို့သစ်စခန်းတိုက်ခိုက်သိမ်းပိုက်သည့် နောက်ပိုင်းတွင် ၎င်းထွက်ပြေးလာသည့် စစ်ကောင်စီ လက်အောက်ခံတပ်ဖွဲ့များသည် အနီးနားကျေးရွာရှိကူကီးပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်လာသည်ကို တွေ့ရသည်။ ဇွန်လ ၁၁ ရက်နေ့ မြို့သစ်မြို့တပ်စခန်းကို သိမ်းပိုက်ပြီး နောက်တစ်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ များသည် Teijang ကျေးရွာအား ဝင်ရောက်စီးနင်းပြီး ကျေးရွာအဝင်အထွက် နေရာများတွင် စစ်ဆေးရေးဂိတ် ဘန်ကာများတည်ဆောက်ကာ ကျေးရွာအတွင်းမည်သူမျှ ဝင်ထွက်ခွင့် မပြုဘဲပိတ်ပင်ခဲ့လေသည်။ ဒေသခံများသည်လည်း ထိုအခြေအနေဖြစ်မည်ကို ကြိုတင်ကာ သိမြင်သည့်အတွက် တိုက်ပွဲဖြစ်သည့် မေလ ၁၁ ရက်နေ့ညတွင်းချင်း ထွက်ပြေးတိမ်းရှောင်ကြရလေသည်။ Teijang ကျေးရွာတွင် အိမ်ခြေ ၃၀၀ ကျော်ရှိပြီး လက်ရှိတွင် ပိတ်မိနေသည့် ပြည်သူ အယောက် ၂၀ ဝန်းကျင်ရှိသည်။ ကူကီးဒေသ တမူးခရိုင်သည် နယ်စပ်ဖြစ်သည့်အလျောက် ဒုက္ခသည် စစ်ရှောင်ပြည်သူများသည် တဖက်နိုင်ငံ နယ်စပ်ကျေးရွာများကိုသာ အားကိုးခိုလှုံနေကြရသည်။

ထို့အပြင် စစ်ဘေးရှောင်များခိုလှုံသည့် တစ်ချို့နေရာဒေသများတွင် ဒေသခံလက်နက်ကိုင်များသည် စစ်ဘေးရှောင်ပြည်သူများအပေါ်နိုင်ထက်စီးနင်းမှုမတရားပြုမူစော်ကားမှုများရှိနေပြီးရှေ့လျှောက်နေထိုင်ရန်အတွက် လုံခြုံမှုကင်းမဲ့ခြင်းကြောင့် စစ်ရှောင်ပြည်သူများအနေဖြင့် မိမိတို့ မြန်မာနိုင်ငံပိုင်နက် လုံခြုံသည့်နေရာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြရသည့်အပြင် တချို့မှာ တမူးမြို့ပေါ်သို့ လာရောက်ခိုလှုံသူများလည်းရှိသည်။



မဏိပူရ်အစိုးရမှ ဖမ်းဆီးထားသော မြန်မာ စစ်ဘေးရှောင်များကို တမူးအမှတ်(၁) နယ်စပ် တံတားတွင် ပြန်လည်ပို့ဆောင်ကြိုဆိုသည့်ပုံရိပ်

## ဒေသခံပြည်သူများ၏ စားဝတ်နေရေးအခြေအနေ

တမူးခရိုင်အတွင်း တော်လှန်ရေး တပ်မတော်သားများအနေဖြင့် ကုန်စည်ပို့ဆောင်ရေး၊ လမ်းပမ်း ဆက်သွယ်ရေးအဓိကနေရာများကို ထိန်းချုပ်ထားနိုင်ခြင်းမရှိသည်က တစ်ကြောင်း၊ နှစ်ဘက်ထိတွေ့ တိုက်ပွဲများကြောင့်ကုန်စည်ပို့ဆောင်ရေးအခက်အခဲများဖြစ်ကာစားသောက်ကုန်များပြတ်လပ်ခြင်း၊ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်ခြင်းများရှိနေသည်။ တဖက်နိုင်ငံ လူမျိုးရေးအဓိကရုဏ်းနှင့် လက်နက်ကိုင် အစုအဖွဲ့ငယ်များ၏ တားဆီး ပိတ်ဆို့မှုကြောင့် စစ်ဘေးရှောင်နှင့် ပြည်သူများအနေဖြင့် အခြေခံစားသောက်ကုန်များနှင့် ဆေးဝါးများ တစ်ဖက်နိုင်ငံလမ်းကြောင်းလည်း ခက်ခဲနေပါသည်။

တမူးကဘော် (Kangmang phai) ဒေသသည် လယ်ယာစပါးစိုက်ပျိုးရေးကောင်းမွန်သည့် ဒေသဖြစ်ပါသည်။ သို့သော်လည်း စစ်အာဏာသိမ်းပြီး ၂၀၂၂ ခုနှစ်တွင် တမူးအောက်ပိုင်း ခမ်းပါတ်မြို့နယ်ဒေသများတွင် ဒေသအတွင်း စစ်ရေးအခြေအနေကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူမရှိသလောက် ဖြစ်နေသည်။ ၂၀၂၃ ခုနှစ်တွင် (Phailen) ဖိုင်လင်းအုပ်စုတစ်ခုလုံး ဒေသအတွင်း စစ်ရေးတင်းမာမှု၊ အပြန်အလှန်ပစ်ခတ်မှုများကြောင့် လယ်ယာမြေမလုပ်ကိုင်နိုင်ကြ တော့သည့် အခြေအနေဖြစ်ပြန်ပါသည်။ Tongcho တုန်းကျော်ဒေသတွင်ပင် လယ်ယာမြေစိုက်ပျိုး လုပ်ကိုင်ကြရသော်လည်း စပါးရိတ်သိမ်းချိန် ကာလတွင် စစ်ကောင်စီလက်အောက်ခံ ပျူစောထီး အဖွဲ့မှ ကျေးရွာများအတွင်း ဝင်ရောက်ကာနေအိမ်များ၊ စပါးကျည်များကိုမီးရှို့ခြင်းကြောင့် ပြည်သူ များမှဆန်၊စပါးများကို အနည်းကျဉ်းမျှသာ စုဆောင်းနိုင်ကြသည်။ တဖန် ၂၀၂၄ ခုနှစ် ပြည်သူများ လယ်ယာမြေထွန်ယက်ရန် ပြင်ဆင်နေသည့် ကာလတွင် Teijang (ခေါ်) ကျွန်းပင်သာနှင့် မင်းသာကျေးရွာသည် တစ်ရွာလုံး စစ်ဘေးဒုက္ခသည်ဘဝ ရောက်ရှိသွားရပြန်ပါသည်။ အဆိုပါ Teijang (ခေါ်) ကျွန်းပင်သာနှင့် မင်းသာကျေးရွာတွင် လယ်ဧက (၂,၀၀၀)ကျော်ရှိပြီး ကဘော်ဒေသအတွက် စပါးထွက်နှုန်း အများဆုံးနေရာလည်း ဖြစ်သည်။ ဒေသခံ ပြည်သူများသည် စီးပွားရေးလုပ်ကိုင်သူ နည်းပါးပြီး မိသားစုအတွက်လိုအပ်သော ငွေကြေးအတွက် ဆန်စပါးကိုသာ အဓိကအားထားကြရ သည်။

**လက်ရှိစားဝတ်နေရေးနှင့် ဒေသထွက်ကုန်သီးနှံဈေးကွက်အပေါ်ပြောကြားချက်**

"ဒေသထွက်ကုန် ရာသီထွက် သီးနှံများဖြစ်တဲ့ မျောက်ငိုသီး ရောင်းဝယ်ရေး၊ ဖဲရဲသီးရောင်းဝယ်ရေးနဲ့ မိုးရာသီမှာပေါ်တဲ့ အင်ဥ (ခ) မှိုလုံးဆိုရင် လက်ရှိတွင် (၁)ပြည်ကို အိန္ဒိယ ရူပီ ၁၀၀ ပေါက်ဈေးရှိတယ်။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ အာဏာသိမ်းပြီး နေရာဒေသအားလုံးလိုလိုမှာ တိုက်ပွဲတွေဖြစ်တယ်၊ မိုင်းတွေထောင်တယ်၊ အဲဒါကြောင့် အင်ဥလဲသိပ်မရှာကြတော့ဘူး၊ မနှစ်ကဆို အမျိုးသမီးတစ်ဦး ဆုံးသွားတယ်၊ အင်ဥရှာရင်းတောထဲမှာ မိုင်းနင်းမိလို့၊ အခု တချို့တွေတော့ ရှာကြတယ်၊ ခက်ခဲလွန်းလို့ အသက်ကိုရင်းပြီး သွားကြတာဖြစ်တယ်"ဟု အင်ဥ(ခ)မှိုလုံးရှာသည့် ဒေသခံတစ်ဦးမှ ပြောပြသည်။

"ကျွန်တော်တို့က အခုထိရွာပြန်ဝင်လို့လည်း မရသေးဘူး။ မိုးကလည်း ကျလာပြီ။ အရင်နှစ်ကဆို ဒီချိန် ပျိုးထောင်လို့ ပျိုးသက် တော်တော် ရနေပြီ။ ဒီနှစ် လယ်မလုပ်နိုင်ရင် နောက်နှစ် ဘာစားကြမလဲ။ တွေးကြည့်ရင် ရင်လေးတယ်ဗျာ" ဟု တောင်သူတစ်ဦးမှ ပြောပါသည်။

အထက်ပါအခြေအနေများကြောင့် တမူးခရိုင်အတွင်းရှိ ပြည်သူလူထုအနေဖြင့် လာမည့်အနာဂါတ် ကာလအတွင်း စားဝတ်နေရေး လွန်စွာခက်ခဲကြပ်တည်းလာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများ စိုးရိမ်ပူပန်နေကြရသည်။







## ဒေသတွင်းစစ်ရေး ပဋိပက္ခအခြေအနေ

တမူးဒေသ စစ်ရေးပဋိပက္ခ အခြေအနေမှာ အနည်းငယ်ရှုပ်ထွေးလျက်ရှိသည်။ နယ်စပ်ဒေသဖြစ်သည့်အလျောက် နဂိုကတည်းက တစ်ဖက်နိုင်ငံ နယ်စပ်ဒေသတွင် လက်နက်ကိုင်အဖွဲ့များ ရှုပ်ထွေးနေသည်။ လက်ရှိတွင် ကူကီးနှင့် မေသေး(ခ)ကသည်း လူမျိုးများ အကြား လူမျိုးရေးပြဿနာဖြစ်နေသည့်အပေါ် အဖွဲ့အစည်းငယ်များ ပိုမိုများပြား ဆိုးရွားလာသည်။

အခြားတဖက်တွင်လည်း တဖက်နိုင်ငံ ကသည်းလက်နက်ကိုင်အဖွဲ့၊ စစ်ကောင်စီနှင့် ပူးပေါင်းသည့် တဖက်နိုင်ငံ နာဂခွဲထွက်အဖွဲ့အချို့၊စစ်ကောင်စီနှင့် ပူးပေါင်းသည့် SNA အဖွဲ့နှင့် ပျူစောထီးအဖွဲ့များသည် အာဏာရူးစစ်ကောင်စီ၏ ဘက်တော်သားများအဖြစ် ရပ်တည်လျက်ရှိသည်။ ထိုသို့သော အခြေအနေတွင် တော်လှန်ရေးတပ်ဖွဲ့ဝင်များမှ စစ်အာဏာရှင်ကို တော်လှန်တိုက်ခိုက်သည့် တိုက်ပွဲတိုင်းတွင် အများအားဖြင့် အဆိုပါအဖွဲ့အစည်းများသည် ၎င်းတို့၏ရဲဘော်များ ကျဆုံးသည့်အချိန်တိုင်းတွင် မိမိတို့ တော်လှန်ရေးတပ်ဖွဲ့များအား တော်လှန်ရေးလမ်းကြောင်းမှ လူမျိုးရေးလမ်းကြောင်းသို့ တွန်းပို့နိုင်ရန်ကြိုးစားလေ့ရှိသည်။ ***( ဥပမာ- အောင်ဇေယျတပ်စခန်း သိမ်းပိုက်ချိန်တွင် စကစတပ်စခန်းအတွင်းသေဆုံးသည့် စစ်တပ်နှင့် ပျူစောထီးတပ်ဖွဲ့ဝင် မဟုတ်သည့် အလောင်းတချို့အား တွေ့ရှိရသည်။ ထိုအချိန်တွင် ၎င်းစကစနှင့် ပူးပေါင်းအဖွဲ့များမှ KNA-Burma နှင့် PDF များက မိမိတို့လူမျိုးအရပ်သားကို အကြောင်းမဲ့သတ်ဖြတ်သည်ဟု ပြည်သူလူထုအယုံမှားစေရန် စွတ်စွဲပြောဆိုကြသည်။ )***


အထူးသဖြင့် စစ်ကောင်စီနှင့်ပူးပေါင်းသည့် တစ်ဖက်နိုင်ငံ ကသည်းလက်နက်ကိုင်အဖွဲ့သည် မိမိတို့ခေါင်းဆောင်များ တော်လှန်ရေးပုံရိပ်အပေါ် ဖျက်လိုဖျက်ဆီးလုပ်သည့်အပြင် မြို့သစ်စခန်း သိမ်း တိုက်ပွဲအပြီး Teijang (ခ) ကျွန်းပင်သာကျေးရွာတွင် စစ်ကောင်စီနှင့် ၎င်းတို့လက် အောက်ခံ တပ်ဖွဲ့များမှ တပ်စွဲထား ခြင်းကြောင့် ရွာသားများ မိမိတို့နေအိမ်နှင့် ပစ္စည်းများကိုစွန့်ကာ အသက်လု၍ ထွက်ပြေးခဲ့ကြရသည်။ ထိုသို့ ရွာသားများ ထွက်ပြေးပြီး ကျေးရွာအတွင်း မည်သူမျှမရှိချိန် ကသည်းလက်နက်ကိုင်အဖွဲ့မှ မေလ ၁၂ ရက်နေ့တွင် အိမ်ကြီးအိမ်ကောင်းများအတွင်းသို့ ဝင်ရောက်ကာ နေအိမ်တံခါးများ ရိုက်ဖွင့်၍ ပစ္စည်းများ ဖျက်စီးပြီး ၎င်းတို့ လိုချင်သည့် ပစ္စည်းတစ်စုံတစ်ရာများ ယူဆောင်သွားသည့်အပြင် "ကူကီးလူမျိုးများ၏ ခွေးပါမကျန် သတ်ဖြတ်ရမည်ဟု" ၎င်းတို့၏ ဘာသာစကားဖြင့် ဆဲဆို ကြိမ်းမောင်းနေသည့် ဗီဒီယိုရုပ်သံအား ဆိုရှယ်မီဒီယာတွင် လိုက်ဖ်လွှင့်ကာ ဖော်ပြခဲ့သည်။ တဖန် ဩဂုတ်လ ၁၄၊ ၁၅၊ ၁၆ ရက်နေ့များတွင်လည်း ၎င်းတို့အဖွဲ့မှ နေအိမ်တချို့ကို ထပ်မံ မီးရှို့ဖျက်ဆီး ခဲ့ကြသည်။

အဆိုပါ ကသည်းလက်နက်ကိုင်တပ်ဖွဲ့များ၏ လုပ်ရပ်သည် ၎င်းတို့ မဏိပူရ်ပြည်နယ်အတွင်း ဖြစ်ပွား သည့် လူမျိုးရေးပဋိပက္ခအားခေါင်းဆောင်တော်လှန်ရေးအတွင်း လူမျိုးရေးပြဿနာနှင့်ပိုမိုရှုပ်ထွေးစေရန် တမင်ဖန်တီးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့လုပ်ရပ်များကို ကြည့်ခြင်းအားဖြင့် အာဏာရူးမင်းအောင်လှိုင်မှ ၎င်းတို့ကို မည်ကဲ့သို့ မက်လုံး(ခ)အိပ်မက်များ ပေးထားသည်ကို မသိရှိရသော်လည်း မည်သို့မျှ လက်ခံ နိုင်စရာမရှိကြောင်း ၎င်း KNA-Burma မှ ၎င်းတို့ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။



**ရှင်းလင်းချက်**

ယခုလို စစ်ကောင်စီနှင့် ပူးပေါင်းသည့် အဖွဲ့အစည်းအမည်များ၊ လူမျိုးအမည်များကို ဖော်ပြရခြင်းသည် လူမျိုးရေးပုတ်ခတ်ပြောဆို ရေးသားခြင်းမဟုတ်ဘဲ၊ တော်လှန်ရေးကာလတွင် အချို့သော လူမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ အကျိုးအမြတ်အတွက် ရပ်တည် လှုပ်ရှားသည့်အဖွဲ့များကို ဆိုလိုခြင်းဖြစ်သည်။ နာဂ ဟုဆိုရာတွင် နာဂလက်နက်များ/ နာဂလူမျိုးများအားလုံးကို ဆိုလိုခြင်းမဟုတ်၊ SNA ဟုဆိုရာတွင် SNA အားလုံးနှင့် ရှမ်းနီလူမျိုးများကို ပြောဆိုနေတာ မဟုတ်ကြောင်း။ ပြည်သူလူထုအနေဖြင့် အခြေအနေများကို ခွဲခြားသိမြင်နိုင်စေရန် အပြုသဘောဖြင့် ရေးသားဖော်ပြရခြင်းသာ ဖြစ်သည်။


Monthly Killing targeted on Civilian
10 Aug
4
2
5-28 July
5
2
18-24June
3
2
1
2
15-27May
5
1
1
0
1
2
3
4
5
6
7
8
10
Male
Female
Can't Confirm gender
Child


သေဆုံးရသည့်အကြောင်းရင်းများ
1
7
13/2
5
အကြောင်းမဲ့ သတ်ဖြတ်ခံရမှု
လုပ်ကြံသတ်ဖြတ်ခံရမှု
မြေမြှုပ်မိုင်းနင်းမိလို့ သေဆုံးမှု
အစာရေစာငတ်ပြတ်မှုကြောင့် သေဆုံးမှု

## အမျိုးသမီးများအခြေအနေ

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်ပြီး ခမ်းပတ်မြို့သိမ်းတိုက်ပွဲများကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ စတင်လုပ်ဆောင်ခဲ့ပြီးနောက်တွင် ကလေးမြို့နှင့် တမူးမြို့၏ ကူးသန်းသွားလာရေးမှာ လုံးဝကို လမ်းကြောင်းပိတ်သွားသလိုဖြစ်ခဲ့သည်မှာ ယနေ့ချိန်ထိ ဖြစ်ပါသည်။ တဖန်တော်လှန်ရေးအင်အားစုမှ ၂၀၂၃ ခုနှစ် ကစတင်ပြီး တမူးအထက်ပိုင်းဒေသအား စစ်မျက်နှာဖွင့်လာခြင်းကြောင့် ဟုမ္မလင်းမြို့နယ်မှ ချင်းတွင်းမြစ် ရေကြောင်းလမ်းသွားလာရေးမှာလည်း ခက်ခဲလာပါသည်။

စစ်ရှောင်စခန်းရောက်ပြီးနောက် လူမှုရေး၊ စီးပွားရေး၊ စားဝတ်နေရေး အဘက်ဘက်မှ အခက်အခဲများဖြစ်လာကာ မိသားစုအချင်းချင်း ပြဿနာဖြစ်လာခြင်း၊ လင်မယားကြား အဆင်မပြေမှုများ၊ အိမ်တွင်းအကြမ်းဖက်မှုများဖြစ်လာခြင်း၊ အိမ်နီးနားအချင်းချင်းစကားများခြင်း စသည့် မလိုလားအပ်သော ပြဿနာရပ်များ ကြုံတွေ့နေရပါသည်။ စစ်ရေးကာလဖြစ်သည့်အလျောက် အသက်ပြည့်ပြီးသော အမျိုးသားအများစုမှာ လက်နက်ကိုင်ပြီး တိုက်ပွဲဝင်နေကြပါသည်။ ထို့ကြောင့် အိမ်တွင်း အလုပ်မှစ မိသားစု စားဝတ်နေရေး၊ သား/သမီး စောင့်ရှောက်မှု၊ တာဝန် ကိစ္စအဝဝကို အမျိုးသမီးများက တာဝန်ယူ လုပ်ကိုင်နေရပါသည်။ အလုပ်အကိုင် ရှားပါးခြင်း၊ ဝင်ငွေမရှိခြင်း၊ မြင့်တက်နေသော ကုန်ဈေးနှုန်းများ ကြောင့် တချို့အမျိုးသမီးများမှာ တောင်ယာစပါးစိုက်ခြင်း၊ ပြောင်း၊ ပိန်းများစိုက်ပြီး နေ့စဉ် စားဝတ်နေရေးအတွက် ဖြေရှင်းနေရပါသည်။

ယခုအချိန်တွင် အမျိုးသမီးငယ်များသည် မိသားစုစားဝတ်နေရေး အခက်အခဲကြောင့်သော်လည်း ကောင်း နိုင်ငံရပ်ခြားသို့ တရားဝင်နည်းလမ်းဖြင့် ဖြစ်စေ၊ တရားမဝင်နည်းလမ်းဖြင့်ဖြစ်စေ ရရာအလုပ် လုပ်ကာ မိဘအား တစ်ဘက်တစ်လမ်းမှ ကူညီနိုင်ရန် ထွက်သွားသည့် အမျိုးသမီးငယ် အများအပြားရှိလာသည်ကိုလည်း တွေ့ရှိရသည်။ ထို့အပြင် နယ်စပ်တစ်ကျောတွင် စစ်ကောင်စီလက်အောက်ခံ ပျူစောထီးများနှင့် ကသည်း လက်နက်ကိုင်အဖွဲ့များမှ မြေမြှုပ်မိုင်းများ ထောင်ထားသည့်အတွက် IDP များမှာ တောထဲရှာဖွေစား သောက်ရန် လွန်စွာအန္တရာယ်ကြီးမားလှပါသည်။ လက်ရှိတွင် မြေမြှုပ်မိုင်း နင်းမိပြီး အသက်ဆုံးရှုံး သွားသည့် သူများမှာလည်း များစွာရှိနေပါသည်။

မဏိပူရ်ပြည်နယ်အတွင်း မတူညီသောလူမျိုးရေး ပဋိပက္ခကြောင့် ရံဖန်ရံခါ စစ်ရှောင်များ နေရပ်ပြန်ရန် အမိန့်ထုတ်ခြင်း၊ ၎င်းတို့ လဝကမှ ထုတ်ပေးသော ကိုယ်ရေးအချက်အလက်များ လာရောက်စစ်ဆေးပြီး တိုက်ဆိုင်မှု(သို့မဟုတ်) အမည်လွဲမှားမှုများရှိပါက ပြဿနာရှာခြင်း၊ ဝတ်စုံ (ပြောက်ကျား)များဖြင့် စစ်ရှောင်တဲအိမ်များကြား ဝင်ရောက်စစ်ဆေးခြင်းများ ပြုလုပ်နေမှုကို ကလေးငယ်များ၊ အမျိုးသမီးငယ်များ ကြောက်လန့်နေရပါသည်။မိမိနိုင်ငံအတွင်းစစ်ကောင်စီလက်အောက်ခံတပ်ဖွဲ့ဝင်များ၏ရန်မှအသက်လုပြီးနယ်စပ်သို့ ထွက်ပြေးနေရသော်လည်းတစ်ဖက်နိုင်ငံ၏အထက်ပါအခြေအနေများအောက်တွင်အိမ်ရှင်မအမျိုးသမီးများအနေဖြင့် အဆင်မပြေမှုပေါင်းများစွာကို ခါးစည်းခံနေရပါသည်။ တော်လှန်ရေးအမြန်ဆုံးပြီးဆုံးစေချင်သော်လည်း တိုက်ပွဲဖြစ်တိုင်း ဒုက္ခတွင်းထဲ ရောက်လာသည့် အမျိုးသမီးနှင့် ကလေးငယ်များ တိုးပွားလာခြင်းကြောင့် တော်လှန်ရေးအား စိတ်နာ မုန်းတီးလာသည့် အချို့အမျိုးသမီးများရှိလာသည်ကို တွေ့ရသည်။



*Namlee တွင် စစ်ဘေးရှောင်နေကြသည် Tongchoပြည်သူများ နေရာသစ်သို့ ထပ်မံရွှေ့ပြောင်းရန် ပစ္စည်းများသယ်ယူနေကြသည့် ပုံဖြစ်သည်။*

## ကျန်းမာရေးအခြေအနေ

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် တမူးမြို့ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းအတော်များများ CDM လုပ်ကြရသည်၊ တာဝန်ကျဆရာဝန်များသည်လည်း ဒေသခံ မဖြစ်နေသည့်အတွက်ကြောင့် ၎င်းတို့နေရာဒေသသို့ပြန်ကြသည်။ လက်ရှိတမူးပြည်သူ့ဆေးရုံကြီးတွင် CDM မလုပ်သည့် သူနာပြုအဆင့်နှင့် ကျန်းမာရေးလုပ်သားများ ဦးဆောင်ကုသနေသည့်အတွက်ကြောင့် ကျန်းမာရေး တစ်ခုခုဖြစ်ပြီး ဆေးရုံသို့ သွားရောက်ကြသော်လည်း ကလေးမြို့နှင့် အခြားမြို့ကြီးများကိုသာ လွှဲပြောင်းပေးသည့် အခြေအနေတွင်သာရှိသည်။ အဆိုးဆုံးမှာ ကျွမ်းကျင်သည့် ဆရာဝန်မရှိသည့်အတွက် ပြည်သူလူထုအနေဖြင့် ယုံကြည်မှုမရှိသည့်အပြင် ကိုယ်ဝန်ဆောင် ကာကွယ်ဆေးများပင် ကြောက်ကြောက်နှင့် ထိုးနှံနေရပြီး နို့တိုက်မိခင်များ၏ စိုးရိမ်ပူပန်မှု ကြီးမားလာသည်ကို တွေ့ရသည်။

> "စစ်တပ်က ဆေးဝါးတွေကာကွယ်ဆေးတွေကို သူတို့ရိက္ခာတွေနဲ့ရောပြီး လာချလေ့ရှိတယ်၊ အရင်လတုန်းက ကလေးကာကွယ်ဆေးမရှိလို့ စိတ်ညစ်တယ်၊ အခုလာချပေးတော့လဲ ကျွမ်းကျင်တဲ့ ဆရာဝန်တွေ မရှိတာကြောင့် ကိုယ့်သားသမီးကိုလည်း သွားမထိုးရဲဘူး၊ ဥပမာအားဖြင့် ကာကွယ်ဆေး ဆိုတာ ရေခဲပုံးနဲ့ထားရတဲ့ဟာတွေရှိတယ်၊ အခုဟာက အဲ့လိုလဲ မတွေ့မိဘူး၊ ဆေးတွေက ရက်လွန်လား၊ ကောင်းသေးရဲလား တတ်ကျွမ်းတဲ့ဆရာဝန်မရှိတော့လေ၊ မြို့ပေါ်က တော်တော်များများတော့ ယုံကြည်မှုမရှိလို့ တဖက်နိုင်ငံ မိုးရေးကိုပဲ ခက်ခက်ခဲခဲနဲ့သွားထိုးကြတယ်၊ နယ်ကလူတွေကျတော့ သွားစရာလဲမရှိ၊ မသက်သာလို့သာ လာထိုးကြတယ်"ဟု ကျန်းမာရေးနှင့် နီးစပ်သူတစ်ဦးမှ ပြောပြချက်အရ သိရသည်။

နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် စစ်ဘေးဒုက္ခသည် ပြည်သူများမှာ ၎င်းတို့ ခိုလှုံနေသည့် နေထိုင်ရာနေရာများတွင်သောက်သုံးရေမသန့်ရှင်းမှုများ၊ဆေးဝါးမလုံလောက်မှုများကြောင့်ပြည်သူလူထုနှင့်ကလေးငယ်များမှာ ဝမ်းပျက်ဝမ်းလျော ရောဂါများလည်း ခံစားနေရသည့်အပြင် ဝမ်းပျက်ဝမ်းလျောခြင်း မှ အချိန်မှီဆေးကုသမှု မခံယူနိုင်ခြင်းနှင့် အခြေခံဆေးဝါးလုံလောက်မှုများ မရှိခြင်းကြောင့် အသက် ဆုံးရှုံးရသည့်ဖြစ်စဉ်များလည်း ဖြစ်ပွားလျက်ရှိနေပါသည်။ မိမိတို့ရရှိသည့် အချက်အလက်များအရ ဝမ်းပျက်ဝမ်းလျောရောဂါကြောင့် အသက်မပြည့်မသန်မစွမ်းအမျိုးသမီး(၁) ဦး အသက်ဆုံးရှုံးခဲ့ရသည့် အခြေအနေ ကြုံတွေ့ခဲ့ရသည်။

လက်ရှိတွင် KNA-Burma ကျန်းမာရေးအဖွဲ့မှ စစ်ဘေးရှောင်အများဆုံးနေထိုင်သည့် Laijang နှင့် အထက်ပိုင်း Phailen နှစ်နေရာတွင် ဆေးခန်းဖွင့်ပြီးကုသပေးနေခြင်းကြောင့် စစ်ဘေးရှောင်ပြည်သူ များအနေဖြင့် အနည်းငယ်သက်သာလျက်သည်။ သို့သော်လည်း လူအင်အားနှင့် ပစ္စည်းကိရိယာများ မပြည့်စုံခြင်းကြောင့် ပြည်သူလူထုအတွက် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ လိုအပ်နေသေးသည်။



၂၀၂၃ ခုနှစ်တွင် Kamjong ခရိုင်ကျန်းမာရေးအဖွဲ့မှ စစ်ရှောင်စခန်းသို့ ကာကွယ်ဆေးလာရောက်ထိုးပေးနေစဉ်

## တမူးမြို့နယ် ပညာရေးအခြေအနေ

တမူးမြို့စစ်ကောင်စီလက်အောက်တွင် ဖွင့်လှစ်ထားသော စာသင်ကျောင်းများကို ဇွန်လ(၃)ရက်နေ့တွင် စတင်ကျောင်းအပ်လက်ခံကာ ဖွင့်လှစ်ထားသော်လည်း ဖတ်စာအုပ်၊ ပုံနှိပ်စာအုပ်များ လုံးဝထုတ်ပေးနိုင်ခြင်းမရှိသည့်အပြင် ဆရာ/ဆရာမအင်အားလည်း လုံလောက်မှုမရှိဟု သိရသည်။ မြို့နယ်ထွေအုပ်မှ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများကို အခမဲ့ထုတ်ပေးမည်ဟု ၂၀၂၃ ခုနှစ်ကတည်းက ပြောဆိုထားသော်လည်း ယခုချိန်အထိ ထုတ်ပေးနိုင်ခြင်းမရှိပါ။ စစ်ကောင်စီသည် ကလေးပညာရေး အတွက် ကျောင်းဖွင့်လှစ်နိုင်သော်လည်း အဖြစ်သဘောမျိုးသာဖြစ်ကြောင်း လက်ရှိတွင် ကျောင်းအပ်နှံသူ ၄,၀၀၀ ကျော်ရှိနေပြီး တမူးမြို့ စာသင်ကျောင်း (၁၁)ကျောင်းရှိသည့်အနက် အမှတ်(၁)နှင့် အမှတ်(၂) စာသင်ကျောင်းများတွင်သာ တက်ရောက်ကြရသည်။ ဆရာ/ဆရာမများမှ ကျူရှင်ဆိုပြီး ကလေးတစ်ဦး လျှင် တစ်လကို (၁၅,၀၀၀ မှ ၂၀,၀၀၀) ကျပ်အထိ ပေးဆောင်ကြရသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျေးရွာ၊ အုပ်စုအတွင်း မည်သည့်စာသင်ကျောင်းမျှ ဖွင့်လှစ်ခြင်းမပြုတော့ပါ။ တဖက်နိုင်ငံ၏ စစ်ဘေးဒုက္ခသည်များအပေါ် ဖိအားပေးမှုနှင့် နယ်မြေအတွင်း စစ်ရေးအခြေအနေများကြောင့် တချို့သော မိဘစစ်ရှောင်များသည် မိမိသား၊သမီး ပညာရေးအတွက် အရဲစွန့်ကာ တမူးမြို့ပေါ်တွင် လာရောက်ခိုလှုံနေကြသည့်အတွက်ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ထက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းအပ်နှံသူ ကျောင်းသား/ကျောင်းသူ ပိုမိုများပြားလာခြင်း ဖြစ်သည်။

